## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## လူမှုဝန်ထမ်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
## (၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များတွင် လစ်လပ်နေသော အောက်ဖော်ပြပါရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၂၈ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| (ခ) | လူမှုဝန်ထမ်း(၄) (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၅ နေရာ | |
| (ဂ) | လူမှုဝန်ထမ်း(၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၅၅ နေရာ | အခြေခံပညာအထက်တန်း အောင်မြင်ရမည်။ |
| (ဃ) | ယာဉ်မောင်း(၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၈ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ယာဉ်မောင်းလိုင်စင်(ခ) ရှိရမည်။ |
| (င) | အစောင့် (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၅ နေရာ | ရေးတတ်/ဖတ်တတ် ရှိရမည်။ |
| (စ) | သန့်ရှင်းရေးအကူ (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၅ နေရာ | ရေးတတ်/ဖတ်တတ် ရှိရမည်။ |
| (ဆ) | လုပ်သား (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၉ နေရာ | ရေးတတ်/ဖတ်တတ် ရှိရမည်။ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) လျှောက်ထားသူများသည် (၃၁.၈.၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)နှစ် ထက်မကျော်စေရ။

(ဃ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား လူမှုဝန်ထမ်းဦးစီးဌာန၊ရုံးချုပ်/တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်လူမှုဝန်ထမ်းရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ်(ဃ)လျှောက်ထားသူများသည် ယာဉ်မောင်းလိုင်စင်(ခ)မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) အိမ်ထောင်စုစာရင်းမိတ္တူ

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ကျန်းမာကြောင်းဆေးလက်မှတ်မူရင်း

(ဇ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စပို့အရွယ် ဓါတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ အစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့်မပြုပါ။

၅။ လျှောက်လွှာများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်လူမှုဝန်ထမ်းရုံးများတွင် (၅-၉-၂၀၂၂)ရက်နေ့မှ (၁၆-၉-၂၀၂၂)ရက်နေ့အတွင်း ထုတ်ယူနိုင်ပြီး သက်ဆိုင်ရာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရုံးနှင့် လူမှုဝန်ထမ်းရုံးများသို့ (၁၉-၉-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်။

၆။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို (၂၂-၉-၂၀၂၂)ရက်နေ့၌ သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်/တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖြေဆိုရမည်ဖြစ်သည်။ ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်စာမေးပွဲနှင့် အခြားသိရှိလိုသည်များ ဆက်သွယ်စုံစမ်းနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၁၀၂ ၊ ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး ၀၇၄-၂၅၂၂၃၇၃ ၊ ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး ၀၅၈-၂၁၀၆၃ ၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး ၀၅၇-၂၀၂၇၂၁၅၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ၀၈၁-၂၁၂၁၁၁၆၊ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၁-၆၅၈၀၂၇ ၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ၀၂-၄၀၇၂၁၀၃၊ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ၀၅၂-၂၂၂၁၂၂၆ ၊ မကွေးတိုင်း ဒေသကြီးလူမှုဝန်ထမ်းရုံး ၀၆၃-၂၀၂၈၃၃၈၊ ဧရာဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၄၂-၂၄၂၇၂ ၊ တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ၀၅၉-၂၀၂၃၄၉၇ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန